**CCI FRANCE MYANMAR**
FRENCH MYANMAR CHAMBER OF COMMERCE & INDUSTRY

# အများပြည်သူသိစေရန် ကြေငြာချက်

## ပြင်သစ်မြန်မာကုန်သည်စက်မှုအသင်းမှ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

ရန်ကုန်မြို့၊ ၂၀၂၀ ခုနှစ် ဧပြီလ ၇ ရက်နေ့

အကြောင်းအရာ။ ။ ပြင်သစ်မြန်မာကုန်သည်စက်မှုအသင်းကြီးမှ Covid-19 ဖြစ်ပွားမှုကာလအတွင်း မြန်မာနိုင်ငံတွင်းရှိ ကုမ္ပဏီများအား ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားခြင်း

ပြည်ထောင်စုဝန်ကြီးများ၊

ပါလီမန်အဖွဲ့ဝင်များ၊

မြန်မာနိုင်ငံမှ အာဏာပိုင်များနှင့် အဖွဲ့အစည်းများ၊

UMFCCI မှ ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊

ပြင်သစ်မြန်မာကုန်သည်စက်မှုအသင်းမှ အဖွဲ့ဝင်များ၊

မြန်မာနိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ မိတ်ဆွေများ၊

Covid-19 ကပ်ရောဂါ မြန်မာနိုင်ငံတွင်းသို့ ကံမကောင်း အကြောင်းမလှစွာဖြင့် ကျရောက်လာမှုကြောင့် လာမည့်လအနည်းငယ်အတွင်း နိုင်ငံတွင်း လည်ပတ်လျက်ရှိသော ကုမ္ပဏီအားလုံးနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးအနေအထားသည် အတိုင်းအတာတစ်ခုအထိ ဆုတ်ယုတ်မှု ဖြစ်ပေါ်နိုင်မည်ဟု ကျွန်ုပ်တို့ ခန့်မှန်းရပါသည်။

ယခုကဲ့သို့ အကျပ်အတည်းကာလတွင် ပြင်သစ်မြန်မာ ကုန်သည်စက်မှု အသင်းတစ်ခုလုံး အပြင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ အနေဖြင့် မြန်မာနိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များအပေါ် အပြည့်အဝဆက်လက်၍ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်သွားမည်ဟု ခိုင်ခိုင်မာမာ ရပ်တည်ချက်ချလိုက်ရပါသည်။

ဝန်ထမ်းများနှင့် အဖွဲ့ဝင်များ လုံခြုံစေရေးအတွက် တစ်ဦးနှင့်တစ်ဦး အကွာအဝေးခြားထားရမည့် စည်းမျဉ်းကို လိုက်နာခြင်းအားဖြင့် ကျွန်ုပ်တို့၏ ရုံးခန်းအား ယာယီပိတ်ရန် ဆုံးဖြတ်ထားသော ကာလအတွင်း ကျွန်ုပ်တို့ ဝန်ထမ်းများ အားလုံးသည် မိမိတို့၏ နေအိမ်အသီးသီးမှ အလုပ်တာဝန်များကို အချိန်ပြည့် ပုံမှန် ထမ်းဆောင်လျက်ရှိပါသည်။

ကျွန်ုပ်တို့သည် ယခုကဲ့သို့ ခက်ခဲသော ကာလအတွင်း ကုမ္ပဏီအားလုံးကို စီးပွားရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများ ယခင်ထက်ပို၍ ပံ့ပိုးပေးအပ်သွားမည် ဖြစ်ပါသည်။

ပထမဦးစွာ အများပြည်သူနှင့် သက်ဆိုင်သော ပွဲများနှင့် သင်တန်းများ ဖျက်သိမ်းခြင်းအား အစားထိုးပေးနိုင်ရန်အတွက် ကျွန်ုပ်တို့ဘက်မှ webinars အဖွဲ့အစည်းနှင့် အွန်လိုင်းသင်တန်း အများစုကို မည်သူမဆို အခမဲ့တက်ရောက်နိုင်ရန် အကောင်အထည်ဖော် စီစဉ်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတကာ ပြင်သစ်ကုန်သည်စက်မှုအသင်းကြီး၏ ကွန်ယက်အတွင်းရှိ နိုင်ငံပေါင်း ၉၃ နိုင်ငံမှ ပြင်သစ် သို့မဟုတ် အခြားတစ်နိုင်ငံမှ ပြင်သစ်ဖောက်သည်များနှင့် ကုန်ပစ္စည်းတင်ပို့သူများ၏ အဆက်အသွယ်များကို ရှာဖွေနေသော မည်သည့်မြန်မာကုမ္ပဏီများကိုမဆို အကူအညီပေးရန်လည်း အသင့်ရှိနေပါသည်။

ထပ်မံ၍ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အားလုံးအတွက် အခမဲ့စီမံကိန်းများကိုလည်း ဆက်လက်ရေးဆွဲသွားရန်ရှိပါသည်။ ၂၀၂၀ ခုနှစ်အတွက် Myanmar Salary Survey ကို ထုတ်ဝေနိုင်ရန် ယခုအခါ အချက်အလက်အားလုံးကို စုဆောင်းပြီးဖြစ်၍ ၂၀၂၀ ခုနှစ် မေလအတွင်း အများပြည်သူများကို မျှဝေနိုင်ရန် ပြင်ဆင်သွားမည် ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံတွင်း လည်ပတ်လျက်ရှိသော မည်သည့်ကုမ္ပဏီမဆို သတင်းအချက်အလက်၊ အကြံဉာဏ်နှင့် အဆက်အသွယ် တစ်စုံတစ်ရာ လိုအပ်လာပါက ကျွန်ုပ်တို့တွင်ရှိသော အရင်းအမြစ်များနှင့် စွမ်းအင်ပမာဏ ဘောင်အတွင်းမှ ကူညီပေးသွားရန် အသင့်ရှိနေပါသည်။

ထပ်ဆောင်းအသိပေးလိုသည်မှာ ကျွန်ုပ်တို့၏ အဖွဲ့ဝင်များ အချင်းချင်း လူချင်းမတွေ့ဆုံရဘဲ ကွန်ယက်များနှင့် သတင်းအချက်များကို ဖလှယ်နိုင်ရန်အတွက် Slack workspace တစ်ခုကိုလည်း စတင်အသုံးပြုစေပြီး ဖြစ်ပါသည်။ ၎င်း workspace တွင် အဖွဲ့ဝင်များ အနေဖြင့် တင်ဒါခေါ်ယူခြင်းများ၊ အလုပ်လျှောက်လွှာများ၊ တရားဝင်သတင်းများ၊ စီးပွားရေးဆိုင်ရာ ထောက်လှမ်းခြင်းများနှင့် အထူးကြော်ငြာများကို ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

မည်သည့်မြန်မာကုမ္ပဏီမဆို စီမံကိန်းများ၊ တင်ဒါခေါ်ယူခြင်းများ၊ စီးပွားဖက်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကုန်ပစ္စည်းတင်ပို့သူများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ လိုအပ်လာပါက ကျွန်ုပ်တို့အား မျှဝေပေးရန် ဖိတ်ခေါ်လိုက်ရပါသည်။ ထိုမှလည်း ကျွန်ုပ်တို့၏ အဖွဲ့ဝင်များဆီသို့ မျှဝေပေးနိုင်မည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ကျွန်ုပ်တို့ဘက်မှ မြန်မာနိုင်ငံ အာဏာပိုင်များနှင့် အဖွဲ့အစည်းများကို မည်သည့်အကူအညီမျိုးမဆို ပေးရန် အသင့်ရှိနေပါသည်။ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများအား ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်နှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် တစ်ခုခု လိုအပ်လာမည်ဆိုပါလျှင် ကျွန်ုပ်တို့တွင်ရှိသော ဆက်သွယ်ရေးကွန်ယက်နှင့် အရင်းအမြစ်များဖြင့် ကူညီပေးရန် အသင့်ပြင်ထားပါသည်။

ရေရှည်တွင်လည်း နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို ရေးရှုလျက် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ပိုမိုဖိတ်ခေါ်နိုင်ရန် မြန်မာပြည်ဈေးကွက်ကို ကြော်ငြာခြင်းနှင့် မြန်မာနိုင်ငံတွင်း လက်ရှိကုမ္ပဏီများနှင့်လည်း လက်တွဲလုပ်ကိုင်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

လူကြီးမင်းတို့နှင့်အတူ မြန်မာနိုင်ငံတစ်ဝှမ်းတွင် နေထိုင်ကြသော ပြည်သူများအားလုံးလည်း ဘေးကင်းကြစေရန် ဆုတောင်းအပ်ပါသည်။ ယခုကဲ့သို့ ကျပ်တည်းလှသော အနေအထားတွင် ပြည်သူများ၏ ကျန်းမာရေးအတွက်

CCI FRANCE MYANMAR
FRENCH MYANMAR CHAMBER OF COMMERCE & INDUSTRY

ကိုယ်ကျိုးစွန့်အနစ်နာခံပေးနေကြသော ကျန်းမာရေးကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူ့ဝန်ထမ်းအားလုံးအပေါ် ကျွန်ုပ်တို့၏ စာနာအားပေးမှုများ အချိန်တိုင်းရှိနေလျက်ပါ။

လေးစားစွာဖြင့်

ပြင်သစ်မြန်မာကုန်သည်စက်မှုအသင်းမှ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

**Mrs. Sarah Lubeigt**
President
(Naos/Bioderma)

**Daw Su Su Tin**
Vice-President
(Exo Travel)

**Mr. Jérémy Damloup**
Vice-President
(Akhuka Productions)

**Mr. Marc Guyonnaud**
Treasurer
(AGS Four Winds)

**Mr. Pierre Guédant**
Secretary General
(EDF)

**Mr. Nicolas Delange**
Chairman of Eurocham
(Yever)

**Mr. Philippe Battlé**
Eurocham
(Accor)

**Daw Amy Nyunt**
Board Member
(Netsmart)

**Daw Ei Khin Khin**
Board Member
(Banyan Services)

**Mr. Matthieu Glorieux**
Board Member
(Pernod Ricard)

**Dr. Han Lynn Aung**
Board Member
(LYC Healthcare Centre)

**Mr. Julien Le Roux**
Board Member
(Berim)

**Mr. Joris Thomas**
Board Member
(Byma)

**U Ye Myat Min**
Board Member
(nexlabs)

**Mr. Guillaume Rebière**
Executive Director
(CCI France Myanmar)